Public education
**Discover a world of opportunities**

BURMESE



မူကြိုကျောင်း

# ဟဲလိုး မူကြိုကျောင်း

Department of
**Education**

သင့်ကလေး မူကြိုကျောင်း စတက်သည့်အခါ မည်သည်တို့ကို မျှော်လင့်ရမည်

CC BY

# အတွင်းတွင် ဘာရှိသည်


| | |
|---|---|
| သင့်ကလေး၏ ကျောင်း ခရီးလမ်း | 4 |
| စောစောပိုင်းအရွယ် အတွေ့အကြုံများနှင့် ဦးနှောက် ဖွံ့ဖြိုးမှု | 5 |
| မူကြိုကျောင်း - ကျောင်း ခရီးလမ်းကို စတင်ခြင်း | 6 |
| ကျွန်ုပ် ကလေး ဘာကိုလေ့လာသင်ယူမည်နည်း။ | 8 |
| မူကြိုကျောင်း၌... | 9 |
| နေ့စဉ်ကျောင်းသို့ တက်ရောက်ခြင်းသည် အမှတ်တကယ် အရေးပါသည် | 11 |
| အိမ်တွင် သင် ဘာလုပ်နိုင်သည် | 12 |
| သင်နှင့် သင့်ကလေးအတွက် ပိုမိုသော အကြံဉာဏ်များ | 13 |





**ခေါင်းစဉ်-** ဟဲလို မူကြိုကျောင်း
သင့်ကလေး မူကြိုကျောင်း
စတက်သည့်အခါ မည်သည်တို့ကို
မျှော်လင့်ရမည်

SCIS NO: 1710440
ISBN: 978-0-7307-4563-1



© Department of Education
Western Australia, 2015

ဤထုတ်ပြန်စာစောင်ကို စီးပွားရေးကိစ္စမဟုတ်သည့် ပညာရေး ရည်ရွယ်ချက်များအတွက် ပညာရေးကျောင်းတစ်ခုတွင် အပြည့်အစုံ သို့မဟုတ် တစ်စိတ်တစ်ပိုင်း နှင့် မည်သည့်ရေးသည့်ပုံစံနှင့်မဆို အခမဲ့ မိတ္တူကူးယူနိုင်ကောင်း ကူးယူနိုင်သည်။

ဤစာစောင်ကို သင့်တော်သော နောက်တစ်နည်း ပုံစံဖြင့် တောင်းဆိုလျှင် ရရှိနိုင်ပါသည်။



**Department of Education**
151 Royal Street
East Perth WA 6004
T: 9264 5803
W: education.wa.edu.au





CC BY © Department of Education, Western Australia, 2015




## ဤစာအုပ်သည် သင့် ကလေး မူကြိုကျောင်း စတက်သည့်အလျောက် သင့်အတွက်ဖြစ်သည်။

၎င်းသည် မူကြိုကျောင်း၌ ထုံးစံအတိုင်း နေ့တစ်နေ့တွင် ဘာဖြစ်မည်ကို သင့်အား တင်ပြမည်ဖြစ်ပြီး ကျောင်းတွင် သင့်ကလေးအား နေသားကျအောင် အထောက်အကူပေးမည့် အကြံဉာဏ်များ ပါဝင်ပါသည်။

သင့်ကလေး၏ လက်ဦးဆရာအဖြစ် သင် ပါဝင်လုပ်ရမည့် ကဏ္ဍသည် အရေးကြီးပါသည်။ ကျောင်း၏အစဦးပိုင်းနှစ်များသည် အိမ်၌သင့်ကလေး ရရှိခဲ့သည့် အတွေ့အကြုံများအပေါ် တည်ဆောက်သွားပြီး သူတို့၏ အနာဂတ် သင်ယူလေ့လာရေး အားလုံးအတွက် အခြေခံအုတ်မြစ်ကို တည်ဆောက်သည်။

သင့်ကလေး၏ သင်ယူလေ့လာရေးကို အထောက်အကူပြုရန် သင် လုပ်နိုင်သည့် အရာများ အမြောက်အမြား ရှိပါသည်။

ဤစာအုပ်ငယ်သည် သင့်ကလေး မူကြိုကျောင်း၌ နေ့စဉ် သင်ယူလေ့လာနေမှုကို စိတ်လှုပ်ရှားဖွယ်ရာများ ထပ်ဖြည့်ထည့်ရန်အတွက် အိမ်တွင် သင်လုပ်နိုင်သည့် အကြံဉာဏ်များကို သင့်အား ပေးအပ်ပါသည်။

ပျော်ရွှင်စရာကောင်းသည့်
အကြံဉာဏ်များနှင့် သင့်ကလေးနှင့်အိမ်တွင်
သင်လုပ်နိုင်သည့် လုပ်ဆောင်ချက်များဖြင့်
ပြည့်နက်နေသည့် ကျွန်ုပ်တို့၏
အွန်လိုင်း စာအုပ်ငယ်များနှင့်
အချက်အလက်စာချုပ်လွှာများကို တွေ့ရှိပါ။
**W: education.wa.edu.au.**

© Department of Education, Western Australia, 2015
CC BY

# သင့်ကလေး၏ ကျောင်း ခရီးလမ်း

ကလေးများသည် သူတို့ ကျောင်းကို စတင်မတက်မီ အရေးကြီးသည့် အရာအများအပြားကို သင်ယူလေ့လာကြသည်။

သူတို့သည် အိမ်တွင် သင့်ထံမှ၊ မိတ်ဆွေများနှင့်မိသားစုမှ၊ ဒေသတွင်းရှိ ကစားအုပ်စုများတွင်၊ ကလေးနှင့်မိဘ စင်တာ၊ နှင့် အကယ်၍ သူတို့တက်ရောက်လျှင် ကလေး/မိသားစု နေ့ကလေးထိန်းတွင် လေ့လာသင်ယူကြသည်။ သူတို့သည် ဤလေ့လာမှုအားလုံးကို သူတို့နှင့်အတူ သူတို့ မူကြိုကျောင်း စတက်သည့်အခါ ကျောင်းသို့ ယူလာကြသည်။

ကလေးများသည် သူတို့၏မိသားစုများက သူတို့အား အထောက်အပံ့ ပေးသည့်အခါ အကောင်းဆုံး သင်ယူလေ့လာကြသည်။ သင့်ကလေး၏ လေ့လာသင်ယူမှုတွင် ပို၍များများ သင် ပါဝင်လုပ်လေ၊ နှင့် ဆရာဆရာမနှင့် ပို၍များများ သင် ပြောဆိုလေ နစ်ဖက်လုံး သင့်ကလေးအား အထောက်အပံ့ပေးရန် ပိုမိုကောင်းမွန်လေ ဖြစ်သည်။ ကျောင်းနှင့်ပြင်းပြင်းထန်ထန် ပူးပေါင်းဆောင်ရွက်မှုတစ်ခုနှင့် ဆရာဆရာမတို့နှင့် ပုံမှန်ဆက်သွယ်မှုသည် သင့်ကလေးအားကျောင်းတွင် အကောင်းဆုံး အစပြုရန် သေချာစေပါသည်။

မူကြိုကျောင်းတွင် သင့်ကလေးသည် အိမ်၌ သင်နှင့်အတူ ဖွံ့ဖြိုးတည်ဆောက်ခဲ့သည့် အရေးကြီးသည့် ကျွမ်းကျင်မှုများအပေါ် ဆက်လက်တည်ဆောက်သွားပါသည်။ ဤကျွမ်းကျင်မှုများတွင် သူတို့အား စိတ်ဝင်စားစေသည့် အရာများအကြောင်းကို သင့်ကလေးက ပြောဆိုနိုင်ခြင်း၊ ရုပ်ပုံများရေးဆွဲရန်၊ စာရေးဟန်ဆောင်ရန်၊ အရောင်များ၊ နံပါတ်များ၊ အရွယ်အစားများနှင့်ပုံသဏ္ဍာန်များ နှင့် အခြားသူများနှင့် ဝေမျှဖလှယ်ရန် တို့ပါကောင်း ပါဝင်နိုင်သည်။

> သင့် အားတက်သယောလုပ်မှုသည်
> မူကြိုကျောင်း၌ သင့်ကလေးအား
> နေသားကျအောင်
> အထောက်အကူပေးပြီး နေ့စဉ် သူတို့
> သင်ယူလေ့လာသည့်အရာများအပေါ်
> ဂုဏ်ယူဝင်ကြွားစေသည်။




© Department of Education, Western Australia, 2015



# စောစောပိုင်းအရွယ် အတွေ့အကြုံများနှင့် ဦးနှောက် ဖွံ့ဖြိုးမှု

ကလေးများ၏ ဦးနှောက်သည် 'ဆောင်ရွက်ဆဲကဏ္ဍရှိ ဥစ္စာပစ္စည်း" တစ်ခု ဖြစ်သည်။

ဘဝ၏ ဦးစွာသော နှစ်အနည်းငယ်၌ သင့်ကလေး၏ ဦးနှောက်သည် လျင်မြန်စွာဖြင့် ကြီးထွားလာသည်။ ဤနှစ်များအတွင်း သင့်ကလေးနှင့် သင ရရှိခဲ့သည့် အတွေ့အကြုံများသည် အလွန့်အလွန် အရေးကြီးပါသည်။ အိမ်၌ ပျော်ရွှင်၊ စိတ်ချမ်းသာပြီး လုံခြုံသည့် ပတ်ဝန်းကျင်၊ ကျောင်းနှင့်ကျောင်းရှိ အသိုင်းအဝိုင်းတို့သည် သင့်ကလေးအား လူမှုရေးဆိုင်ရာ၊ စိတ်ခံစားမှုဆိုင်ရာနှင့် ဉာဏ်ရည်ဆိုင်ရာ ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်။

ကစားခြင်းသည် ကလေးဘဝအရွယ် သင်ယူလေ့လာရေး၌ အထူးသဖြင့် အရေးကြီးပါသည်။ ကစားခြင်းသည် ကလေးများအား စဉ်းစားခြင်းကိုဖွံ့ဖြိုးရန်၊ ကျွမ်းကျင်မှုများကို လေ့ကျင့်ရန်၊ အခြားသူများနှင့်ဆက်သွယ်ရန်၊ စိန်ခေါ်မှုများကို ရင်ဆိုင်ပြီး ပျော်ရွှင်ပြီး နှစ်မျိုးသော နည်းလမ်းဖြင့် အခက်အခဲများကို ဖြေရှင်းရန် အခွင့်အလမ်းများကို ပေးအပ်ပါသည်။

တေးသီချင်းသီဆိုခြင်း၊ ကစားစရာ ကစားခြင်း၊ ဆောက်လုပ်ခြင်း၊ ယုံတမ်းကစားခြင်း၊ စကားပြောဆိုခြင်း၊ တက်ခြင်း ကခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်းနှင့် ပုံဆွဲခြင်း အားလုံးတို့သည် သင့်ကလေး၏ ဦးနှောက်ကို စဉ်းစားခြင်းနှင့်သင်ယူလေ့လာခြင်း နည်းလမ်းများကို ဖွံ့ဖြိုးအောင် အထောက်အကူပေးသည်။

© Department of Education, Western Australia, 2015

# မူကြိုကျောင်း
# ကျောင်း ခရီးလမ်းကို စတင်ခြင်း

အံ့သြဖွယ်ရာဖြစ်သည်။ ၄င်းသည် မိဘများအနေဖြင့် မူကြိုကျောင်း စာသင်ခန်းများကို မကြာခဏ အမှွမ်းတင်သည့် ကိစ္စဖြစ်သည်။ အခန်းများမှာ ကလေးများ၏ အလုပ်များ၊ ရောင်စုံပို့စ်တာများနှင့် လူတိုင်းကြည့်ရန်အတွက် စိတ်ဝင်စားစရာ ပြသထားရာများတို့ဖြင့် ပြည့်နက်နေပါသည်။ သင့်ကလေးအနေဖြင့် ကစားခြင်းမှတစ်ဆင့် ရှာတွေ့နိုင်ရန်၊ စဉ်းစားနိုင်ရန်၊ ဖန်တီးနိုင်ရန်နှင့် သင်ယူလေ့လာရန် လုပ်မည့်နေရာများ အများအပြားရှိပါသည်။

မူကြိုကျောင်းသည် ကျောင်းမှသင့်ကလေး ရမည့်ပထမဦးဆုံးသော သင်ယူလေ့လာရေး အတွေ့အကြုံ ဖြစ်ပါသည် – သင်ယူလေ့လာရေး၏ သိချင်စရာနှင့် စိတ်လှုပ်ရှားမှု၊ ရှာဖွေတွေ့ရှိခြင်းနှင့် စူးစမ်းခြင်း တို့ဖြစ်သည်။

မူကြိုကျောင်းသည် အနောက်သြစတြေးလျပြည်နယ်တွင် မတက်မနေရ အဖြစ် မဟုတ်သော်လည်း တက်ရောက်ခြင်းကို အလွန်တိုက်တွန်းပါသည်၊ သင့်ကလေးသည် သူတို့၏ ကျောင်းနေဘဝ တစ်လျောက်လုံးတွင် သူတို့အားအထောက်အကူပေးသည့် အရေးကြီးသော လူမှုရေးဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ ကျွမ်းကျင်မှုများအပေါ် တည်ဆောက်ရသဖြင့် ဖြစ်ပါသည်။ သူတို့သည် စောစောပိုင်းအရွယ် သချ်ာ၊ စကားပြောခြင်း၊ နားထောင်ခြင်း၊ စာဖတ်ခြင်းနှင့် စာရေးခြင်း ကျွမ်းကျင်မှုများကိုလည်း ဖွံ့ဖြိုးကြသည်။

ကျောင်း အများအပြားသည် ကျောင်းစာသင်နှစ် မစတင်မီ သို့မဟုတ် ကျောင်းဖွင့်တန်းကာလ၏ ပထမ အပတ် အနည်းငယ် အတွင်း မိဘ သတင်းပေးပောပြောပွဲကို ကျင်းပပေးပါသည်။ ၄င်းသည် သင့်အား ဆရာဆရာမနှင့် အခြား မိသားစုများနှင့်တွေ့ဆုံရန် နှင့် ၄င်းနှစ်အတွက် အစီအစဉ်ဆွဲထားသည့် အရာတို့ကို သိရှိရန် အခွင့်အလမ်းကို ပေးအပ်ပါသည်။ အကယ်၍ သင် မတက်ရောက်နိုင်လျှင် တွေ့ဆုံရန် အခြားအချိန်တစ်ခုကို ချိန်းပေးရန်အတွက် ကျောင်းကို ဆက်သွယ်ပါ သို့မဟုတ် ဆရာဆရာမနှင့် ပြောဆိုပါ။

သင့်ကလေး၏ ဆရာဆရာမသည် မကြာခဏ စာရေးသားထားသည့် အချက်အလက်များကို အိမ်သို့ ပို့ပေးသည်၊ ဤအမှာသတင်းများကို ဖတ်ရန် အတွက် အချိန်ပေးရန်အရေးကြီးပါသည်။

အကယ်၍သင့်အနေဖြင့် ကျောင်းအပေါ် သင် စိတ်ချလက်ချရှိပြီး ကျေနပ်ကြောင်း သင် ပြသလျှင် ၄င်းအပေါ် သင့် ကလေးက မှတ်ယူပါသည်။ စာသင်ယူမှုအပေါ် ချစ်ခင်မှုနှင့် နေ့စဉ် ကျောင်းသို့ သွားရန်အတွက် စိတ်ပါလက်ပါရှိခြင်းကို အားပေးတိုက်တွန်းခြင်းမှာ အရေးကြီးပါသည်။

နေလောင်မှုကို ပါးနပ်ပါ သင့်ကလေး နေ့တိုင်း ဦးထုပ်ဆောင်းပြီး နေပူကာလိမ်းဆေး လိမ်းထားကြောင်း သေချာစေပါ။




cc BY © Department of Education, Western Australia, 2015



## တစ်နေ့တာအတွင်း ဘာဖြစ်ပါသလဲ။

မူကြိုကျောင်းသည် အပတ်စဉ် 15 နာရီ သင်ကြားပေးသည်။ အချို့ကျောင်းသည် အပတ်စဉ် တစ်နေ့လုံးနှင့် နေ့တစ်ဝက် နှစ်ခုလုံးပေါင်း၍ သင်ကြားပေးသည်၊ အချို့မှာ နေ့တစ်ဝက်သာ သို့မဟုတ် တစ်နေ့လုံးသာ သင်ကြားပေးသည်။ အစီအစဉ် မည်ကဲ့သို့ သတ်မှတ်ထားကြောင်း သိရှိရန် သင့်ကျောင်းနှင့်ပြောဆိုပါ။

အချို့ကျောင်းများသည် ကလေးများအား မူကြိုကျောင်းတွင် ကျောင်းဝတ်စုံကို ဝတ်ရန် တိုက်တွန်းပါသည်။ အချက်အလက်အပိုအတွက် ၎င်း၏ဝတ်စုံ မူဝါဒကို စစ်ဆေးရန်နှင့် ဝတ်စုံ ပစ္စည်းအမျိုးအမည်များကို မည်သည့်နေရာ၌ ဝယ်ယူရန် သင့်ကျောင်းကို ဆက်သွယ်ပါ။

ဆရာဆရာမသည် နေ့စဉ် ပုံမှန် အားလပ်ချိန်ပေးပါသည်၊ ထို့ကြောင့် သင့်ကလေးသည် စားနိုင်သည်၊ ကစားနိုင်သည်။ အချို့ကျောင်းများသည် အစာပြေမုန့်စားချိန်၌ အခြားကလေးများနှင့် ဝေမျှစားရန် သစ်သီးနှင့် ကျန်းမာသော အစာပြေစားစရာများ ယူလာရန် သင့်အား မေးကောင်းမေးနိုင်သည်။

အကယ်၍ သင့်ကလေးသည် တစ်နေ့လုံးတက်ရသည့် မူကြိုကျောင်း အစီအစဉ်တွင်ရှိပါက ကျန်းမာသည့် နေ့လည်စာကို အထုပ်များနှင့် ဘူးများဖြင့်ထည့်ပါ၊ သို့မှသာ သူတို့သည် ၎င်းတို့ကို အလွယ်တကူ ဖွင့်ပြီး သူတို့ဖာသာ နေ့လည်စာ စားနိုင်မည်။ ကိုယ်တိုင်စီမံရေးသည် အလွန်အရေးကြီးသည့် ကျွမ်းကျင်မှု တစ်ခုဖြစ်သည်၊ ဤအချိန်တွင် သင့်ကလေး လေ့လာသင်ယူသည်။

သင့်ကလေး၏ ဆရာဆရာမသည် နေ့စဉ် ကျောင်းစချိန်၌ ပါဝင်ပေးရန် သင့်အား တိုက်တွန်းကောင်း တိုက်တွန်းနိုင်သည်။ ဤကိစ္စသည် သင့်ကလေးအတွက် လုပ်နေကျကိစ္စကို နေသားကျရန် အလွန်ကောင်းသော နည်းလမ်း တစ်ခုဖြစ်သည်၊ သင့်ကလေး၏အလုပ်ကို မြင်တွေ့ရန်နှင့် တစ်နေ့တာအတွင်း သူတို့ဘာလုပ်သည့်အကြောင်းကိုပြောဆိုရန်လည်း ဖြစ်ပါသည်။

**အကယ်၍ တစ်ဦးတစ်ယောက်က ကျောင်းဆင်းပြီးနောက် သင့်ကလေးကို လာရောက်ခေါ်ယူလျှင် – အဖိုးအဖွား သို့မဟုတ် စောင့်ရှောက်သူ ကဲ့သို့ – ကျေးဇူးပြု၍ သင့်ကလေး၏ ဆရာဆရာမကို အသိပေးပါ။ ဆရာဆရာမများသည် ကလေးတစ်ဦးချင်းကို နေ့စဉ် သူတို့သိသော တစ်ဦးဦးက လာရောက်ခေါ်ယူသည်ဖြစ်ကြောင်း သေချာအောင်လုပ်ရသည်၊ ထို့ကြောင့် ၎င်းကို ကျောင်းအား အသိပေးထားရန် အရေးကြီးပါသည်။**

© Department of Education, Western Australia, 2015

# ကျွန်ုပ် ကလေး ဘာကိုလေ့လာသင်ယူမည်နည်း။

အသေအချာ အစီအစဉ်ချထားသည့် လေ့လာသင်ယူရေး ပတ်ဝန်းကျင် တစ်ခုတွင် သင့်ကလေးသည် များစွာသော လေ့လာရေး လုပ်ဆောင်ချက် အမျိုးမျိုးကို ကြုံတွေ့သည်။

၎င်းတို့တွင် ဖြတ်ခြင်း၊ ဆေးရေးခြင်း၊ ကော်ကပ်ခြင်း၊ ပုံဆွဲခြင်း၊ ဝတ်ဆင်ခြင်း၊ သဲကစားခြင်း၊ တက်ခြင်း ပုံပြောခြင်း၊ သီချင်းဆိုခြင်း၊ ကခြင်း၊ စူးစမ်းခြင်းနှင့် မိတ်ဆွေအသစ်ဖွဲ့ခြင်းကဲ့သို့ လူမှုရေးလှုပ်ရှားမှုများ တို့ပါဝင်ကြ သည်။

သင့်ကလေး၏ လူမှုရေးနှင့်စိတ်ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးကြီးထွားမှုသည် အစီအစဉ်ချထားသည့် သင်ယူလေ့လာရေး၏ အလွန်အရေးကြီးသော အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။ သူတို့၏ ဆရာဆရာမသည် လုပ်စရာများကို စီစဉ်ပေးပြီး ပါဝင်လုပ်ရန် သူတို့အား တိုက်တွန်းပေးသည် ထို့ကြောင့် သူတို့သည် အောင်မြင်သော ပညာသင်ယူသူများ၊ အဖွဲ့ဖြင့်ဆောင်ရွက်သူများ၊ ကောင်းသော ပြဿနာ ဖြေရှင်းသူများနှင့် စိန်ခေါ်မှုများကို နှစ်သက်သော တွေးခေါ်သမားများ ဖြစ်လာကြပါသည်။

မူကြိုကျောင်းရှိ အခြားတစ်ခု အာရုံစိုက်မှုမှာ ဘာသာစကားနှင့်အရေးအဖတ် ဖြစ်ပါသည်။ သင့်ကလေးသည် အက္ခရာစာလုံးများ၊ အသံများနှင့် ကာရံတူစကားလုံးများ၏ စောစောပိုင်းနားလည်မှုကို ဖွံ့ဖြိုးလာသည်၊ ရုပ်ပုံများမှာ မည်ကဲ့သို့ ပုံဇာတ်လမ်းများကို ပြောနိုင်ကြောင်း၊ ရေးသားထားသည့်စကားလုံးများကို မည်သို့ဖတ်ရကြောင်း၊ နှင့် ပြောဆိုသည့် စကားသံများကို မည်သို့ ရေးသားရကြောင်း တို့ကိုလည်း ဖွံ့ဖြိုးလာပါသည်။

သင်္ချာနှင့်အတွက်အချက်ကို လေ့လာသင်ယူခြင်းသည်လည်း မူကြိုကျောင်း၏ အဓိကကျသော အစိတ်အပိုင်း တစ်ရပ်ဖြစ်သည်။ သင့်ကလေးသည် နံပါတ်ဂဏန်းများနှင့် ပုံသဏ္ဍာန်များ၊ ရေတွက်ခြင်း၊ တိုင်းတာခြင်းနှင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝ၌ သင်္ချာကို အသုံးပြုရာ၌ များစွာသော နည်းလမ်းအမျိုးမျိုး တို့ကိုသင်ယူလေ့လာသည်။

ဆရာဆရာမများသည် သူတို့၏တစ်ဦးချင်း လိုအပ်ချက်များကို လိုက်ဖက်ရန် သင်ကြားရေးအစီအစဉ်များကို ဦးတည်ထားကြောင်း သေချာစေရန်အတွက် ကလေးများ၏ အတွေ့အကြုံနှင့် နောက်ခံသမိုင်းများကို ထည့်တွက်ပါသည်။



သင့်ကလေးသည် သူတို့အား စာအုပ်ဖတ်ပြပေးခြင်းဖြင့်၎င်း၊ ပုံဇာတ်လမ်းများကို ပြောပြပေးခြင်းဖြင့်၎င်း၊ နှင့် တေးသီချင်းများနှင့် သံစုံသားချော့တေးများကို လေ့လာခြင်းအားဖြင့်၎င်း နိုင်မာသည့် စာတတ်မြောက်ရေး ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးလာလိမ့်မည်။ သူတို့သည် စကားလုံးများနှင့် စာလုံးစုများကိုဖော်ထုတ်ရန်၊ နှင့် အရာပစ္စည်းများကို ပုံဖော်ရန်၊ ပုံဇာတ်လမ်းများ ကိုပြောရန်၊ နှင့် သူတို့၏ ရေးသားထားသည့်နံမည်များကဲ့သို့ ပုံနှိပ်စာကို မှတ်မိရန် လေ့လာသင်ယူပါလိမ့် မည်။ ဤကျွမ်းကျင်မှုများသည် အနာဂတ်တွင် စာဖတ်ခြင်းနှင့်စာရေးသားခြင်းကို အထောက်အကူပေးပါလိမ့်မည်။



CC BY
© Department of Education, Western Australia, 2015

# မူကြိုကျောင်း၌...

## စာရေးခြင်း

သင့်ကလေးသည် ပြောဆိုသည့်စကားလုံးများကို ရေးသားနိုင်ကြောင်း သိရှိလာသည်။ သူတို့၏ စာရေးသားထားသည်မှာ အက္ခရာစာလုံးများကို အစဉ်လိုက်မဟုတ်ပဲ ရေးထားကြောင်း သို့မဟုတ် လျှောက်ရေးခြစ်ထားကြောင်း ဖြစ်ကောင်းဖြစ်နိုင်သည်၊ ၄င်းသည် သူတို့မြင်တွေ့သည့် စာရေးသားခြင်းနှင့်ဆင်တူ အမြင်ရှိသည်။ သူတို့၏ အားထုတ်မှုအားလုံးကို တိုက်တွန်းပါ။

## အသံများ

သင့်ကလေးသည် စကားလုံးများရှိ အသံများကို ဖော်ထုတ်ရန် စတင်လုပ်မည်ဖြစ်သည်၊ အထူးသဖြင့် စကားလုံးရှိ ပထမအသံကိုဖြစ်သည်။ သူတို့သည် ယင်းနောက် စကားလုံး၏ နောက်ဆုံးအသံကို ဖော်ထုတ်ကောင်း ဖော်ထုတ်နိုင်သည်။ သင့်ကလေးသည် အချို့ အက္ခရာစာလုံးများနှင့် စကားလုံးများကို မှတ်မိရန်လည်း စတင်မည်ဖြစ်သည်၊ ဆိုင်များ၏ သင်္ကေတများနှင့် အမည်များကဲ့သို့ဖြစ်ပြီး အသံနှင့်အက္ခရာစာလုံး ဆက်စပ်မှုများကို လေ့လာသင်ယူမည်ဖြစ်သည်။

## တိုင်းတာခြင်း

သင့်ကလေးသည် တိုင်းတာခြင်း၏ဘာသာစကားများကို ဖွံ့ဖြိုးလာပြီး အသုံးပြုလာမည်၊ ဥပမာ- *မြင့်သည်၊ နိမ့်သည်၊ လေးလံသည်* နှင့် *ပေါ့သည်*. သူတို့သည် နေ့စဉ်သုံး အချိန်နှင့်ပတ်သက်သည့်ဘာသာစကားကို သုံးပါသည်၊ ဥပမာ- *မြန်သည်၊ နေးသည်* နှင့် *မြန်* ၄င်းပြင် စကားအသုံးအနှုန်းများကို သုံးနိုင်မည်ဖြစ်သည်၊ ဥပမာ- *မတိုင်မီ၊ ပြီးနောက်* နှင့် *နောက်ထပ်* ယဉ်ပါးသည့် အခင်းဖြစ်ရပ်များ၏ အချိန်ကို ဆွေးနွေးရန် ဖြစ်ပါသည်။

## အမျိုးအစား ခွဲခြားပေးခြင်း

သင့်ကလေးသည် အရာပစ္စည်းများကို အရွယ်အစား၊ ပုံသဏ္ဍာန်နှင့်အရောင်၊ နှင့် ကားနှင့်ဘလောက်တုံးများကဲ့သို့ ကစားစရာအရုပ်များကို ဆင်တူများကို အုပ်စုလိုက်အတူထားခြင်းဖြင့် ခွဲခြားထားပေးရန် စတင်လုပ်မည်ဖြစ်သည်။

## နံပါတ်များ-

သင့်ကလေးသည် နံပါတ်များကို လေ့လာသင်ယူရန်အတွက် သူတို့အား အထောက်အကူပြုမည့် ကစားစရာများ ကစားရန်နှင့် ရေတွက်ခြင်းကို ပံ့ပိုးပေးသည့် ပုံဇာတ်လမ်းများနှင့်သီချင်းများကို  ပါဝင်လုပ်ရန် စတင်မည်ဖြစ်ပါသည်။

## စာဖတ်ခြင်း

သင့်ကလေးသည် စာအုပ်များနှင့် စာအုပ်တွင်းရှိ ရုပ်ပုံများနှင့်စကားလုံးများကို စိတ်ဝင်စားလာမည်ဖြစ်သည်။ ပုံဇာတ်လမ်း ဖတ်ရှုခြင်း၊ ကလေးချော့ သံစုံတေးများနှင့် ကဗျာများနှင့် တေးသီချင်းများကို ပြောခြင်းနှင့်သီဆိုခြင်း၊ နှင့် သရုပ်ဖော်လှုပ်ရှားမှုများ ဖန်တီးခြင်း တို့သည် မူကြိုကျောင်း၏ အစိတ်အပိုင်း အားလုံးဖြစ်ပါသည်။

## ပုံသဏ္ဍာန်များ

သင့်ကလေးသည် နှိုင်းယှဉ်ခြင်းနှင့် တည်ဆောက်ခြင်းအားဖြင့် ပုံသဏ္ဍာန် များနှင့်အရွယ်အစားများကို လေ့လာသင်ယူမည်ဖြစ်သည်။

## အချိန်

သင့်ကလေးသည် ရိုးရိုး အစဉ်တကျများကို မှတ်မိကောင်း မှတ်မိနိုင်ပြီး သူတို့၏ နေ့စဉ် လုပ်နေကျအဆင့်များကို လိုက်လုပ်မည်ဖြစ်သည်။

> မူကြိုကျောင်းတွင် သင့်ကလေးသည် လူမှုရေးဆိုင်ရာကျွမ်းကျင်မှုများ ကို အခြားကလေးများနှင့် ကစားရင်း၊ ဝေမျှဖလှယ်ရင်း လေ့လာသင်ယူမည် ဖြစ်သည်။ ကစားခြင်းသည် သူတို့အား ဝေမျှဖလှယ်ရန်၊ အလှည့်ကျယူရန်နှင့် သူတို့၏ ပင်ကိုယ်အားကိုးစိတ်နှင့် ပူးပေါင်း လုပ်ဆောင်မှုကိုဖွံ့ဖြိုးရန် လုပ်ပေးပါသည်။

© Department of Education, Western Australia, 2015 CC BY




© Department of Education, Western Australia, 2015



# နေ့စဉ်ကျောင်းသို့ တက်ရောက်ခြင်းသည် အမှတ်တကယ် အရေးပါသည်

ကျောင်းတွင် သင့်ကလေး၏ ဆရာဆရာမသည် ယခင်လေ့လာခဲ့ပြီးသား ကျွမ်းကျင်မှုများကိုမူတည်၍ အစီအစဉ်များနှင့် လုပ်ဆောင်စရာများကို စီစဉ်ရေးဆွဲမည်ဖြစ်သည်။

မူကြိုကျောင်းမှစ၍ ကျောင်းသို့ပုံမှန်သွားရောက်သည့် အလေ့အကျင့်ကို ဖွံ့ဖြိုးပေးခြင်းသည် အကူရာကျသည်၊ သို့မှသာ သင့်ကလေးသည် အနာဂတ် လေ့လာသင်ယူရေးအတွက် သူတို့လိုအပ်သည့် အရေးကြီးသော အကြံဉာဏ်များနှင့်ကျွမ်းကျင်မှုများကို ကျန်ရစ်မည် မဟုတ်ပါ။

သင် အောက်ပါတို့လုပ်ခြင်းဖြင့် ကူညီနိုင်သည်-

- ကျောင်းအကြောင်း အကောင်းဖက်ရှုမြင်၍ ပြောဆိုခြင်း သို့မှသာ သင့်ကလေးသည် နေ့စဉ် ကျောင်းသို့ သွားချင်မည် ဖြစ်သည်
- ကျောင်း၌ သင့်ကလေး လုပ်သည့်အရာများအပေါ် စိတ်ဝင်စားမှု ပြသခြင်းနှင့် အိမ်တွင် သင် ဘာလုပ်နိုင်သည့်အကြောင်းကို ဆရာဆရာမနှင့် ပြောဆိုခြင်း
- သင့်ကလေး မိတ်ဆွေဖွဲ့ရန်အတွက် ကူညီပေးရန် ကစားမည့် ရက်များကို သတ်မှတ်ပေးခြင်း
- သင့်ကလေးအား မည်ကဲ့သို့ ဝေမျှဖလှယ်ရန်နှင့် အလှည့်ကျကိုယူရန် သင်ကြားပေးခြင်း
- ကျောင်းသို့ အချိန်မီ ရောက်ရှိလာခြင်းနှင့် ကျောင်းမှအချိန်မီ ကလေးကို လာရောက်ခေါ်ယူခြင်း
- သင့်ကလေးသည် နေ့စဉ် အာဟာရ ရရှိရန်နှင့် ညတိုင်း လုံလုံလောက်လောက် အိပ်စက်ရန် သေချာစေခြင်း
- ဆရာဝန်များ၊ သွားဆရာဝန်များနှင့် အထူးကု ဆရာဝန်များတို့နှင့် ရက်ချိန်းများကို ကျောင်းချိန်နောက်ပိုင်း သို့မဟုတ် ကျောင်း ပိတ်ရက်များတွင် လုပ်ပေးခြင်း
- မိသားစု အားလပ်ရက်အပန်းဖြေခရီးကို ကျောင်းဖွင့်တန်းကာလ မဟုတ်သည့် ကျောင်းပိတ်ရက်များအတွင်း လုပ်ပေးခြင်း။

ကျောင်း၌ သင့်ကလေး လုပ်သည့်အရာများအပေါ် စိတ်ဝင်စားမှုရှိကြောင်း ပြောကြားခြင်း၊ စာသင်ခန်းတွင် ကူညီပေးခြင်းနှင့် ကျောင်းအသိုင်းအဝိုင်း၏ အစိတ်အပိုင်းအဖြစ် ပါဝင်နေခြင်းတို့သည် သင် ကျောင်းကိုမည်မျှ တန်ဖိုးထားကြောင်း သင့်ကလေးအား ပြသပါသည်။



အကယ်၍ သင့်ကလေးသည် နေမကောင်းဖြစ်ပြီး ကျောင်းသို့ မလာနိုင်လျှင် ဆရာဆရာမအား အသိပေးရန် ကျောင်းသို့ တယ်လီဖုန်းဆက်ပါ သို့မဟုတ် အမှာသတင်းတို ပို့ပါ။ အကယ်၍ သင့် ကလေး ကျောင်းတစ်ရက်ပျက်လျှင် ဆရာဆရာမနှင့် သင့်ကလေး မည်ကဲ့သို့ စာလိုက်နိုင်ရန်ကို သိရှိအောင် ပြောဆိုပါ။ အကယ်၍ သင့်ကလေးကို ကျောင်းသို့ပို့ရန် သင့်တွင် အခက်အခဲ ရှိနေလျှင် ဆရာဆရာမနှင့်ပြောဆိုပါ။

© Department of Education, Western Australia, 2015

# အိမ်တွင် သင် ဘာလုပ်နိုင်သည်

- စာအုပ်ကို အသံကျယ်ကျယ်ဖတ်ပါ၊ ရုပ်ပုံကို ထောက်ပြပြီး ပုံဇာတ်လမ်းအကြောင်းကို သင့်ကလေးနှင့် ပြောဆိုပါ။
- သင့်ကလေးနှင့်အတူ ပုံဆွဲနှင့်စာရေးသားပါ၊ သင် ဘာလုပ်နေသည်ကို ပြောပြပါ။
- သင့်ကလေးအား စမ်းလုပ်ရန်နှင့် အမှားကို သင်ယူပြီး အလုပ်ကို ပြီးအောင်လုပ်ရန် တိုက်တွန်းပါ။ စိတ်ရှည်ရှည်ထားပါ၊ သူတို့အား လုပ်ခွင့်ပြုပါ။
- သင့်ကလေးသည် အိမ်တွင် နံပါတ်များ မည်ကဲ့သို့ သုံးကြောင်းကို ကြားရန်နှင့်မြင်တွေ့ရန် စတင်မည်ဖြစ်ပြီး ကြည့်လိုက်ခြင်းဖြင့် နံပါတ်နံမည်များကို အလွန်သေးသည့် အရာပစ္စည်းအုပ်စုများနှင့် လိုက်ဖက်ပေးရန် စတင်မည် ဖြစ်သည်။ သင်သည် သင်လုပ်နေသည့်အရာမှတစ်ဆင့် ပြောဆိုခြင်းဖြင့် ကူညီပေးနိုင်သည်။ ဥပမာ- *ကျွန်ုပ်တို့ ပန်းကန် လေးချပ်လိုသည်၊ ထို့ကြောင့် အကယ်၍ ကျွန်ုပ် ပန်းကန်နှစ်ချပ်ရပြီးနောက် နှစ်ချပ် ထပ်ရလျှင် ကျွန်ုပ်တို့မှာ လေးချပ် ရှိပါလိမ့်မည်.*
- သင်္ချာကျွမ်းကျင်မှုများကို အထောက်အကူပြုရန် အလွန်ကောင်းသောနည်းလမ်းတစ်ခုမှာ နေ့စဉ်လုပ်ဆောင်ချက်များမှ တစ်ဆင့်ဖြစ်သည် – ရေချိုးသည့်အချိန်၌၊ အပြင်တွင် ကစားနေသည့်အချိန်၌နှင့် အတူတကွ ချက်ပြုတ်နေစဉ် ဖြစ်ကြပါသည်။ သူတို့မြင်နိုင် ထိတွေ့နိုင်သည့် အရာပစ္စည်းများကို သုံးခြင်းဖြင့် သင့်ကလေးနှင့် အတူ ရေတွက်ခြင်း၊ အရာပစ္စည်းများကို တိုင်းတာခြင်းနှင့်နှိုင်းယှဉ်ခြင်းသည် သင်္ချာအကြံဉာဏ်များကို ကြားရန်နှင့်သုံးရန် သူတို့အား အထောက်အကူပေးသည်။
- ဤအသက်အရွယ်တွင် သင့်ကလေးသည် နေ့စဉ်သုံး စကားလုံးများကို အသုံးပြုခြင်းဖြင့် တိုင်းတာခြင်း အကြောင်းကိုလည်း လေ့လာသင်ယူသည်။ *ပြည့်သည်* နှင့်*ဟာင်းလောင်းဖြစ်သည်, ကြီးသည်* နှင့် *ငယ်သည်, မြင့်သည်* နှင့် *တိုသည်* နှင့် *လေးသည်* နှင့် *ပေါ့သည်*. တည်နေရာ အနေအထားပုံစံကို ပုံဖော်ပြရန် စကားလုံးများကို သုံးခြင်း၊ ဤကဲ့သို့- *အတွဲ, အပေါ်* နှင့် *အောက်*,နှင့် တစ်ခုခု ရှိနေသည့်နေရာအကြောင်းကို ပြောဆိုခြင်း *အနီးအနား, ဝေးဝေး* နှင့် အပေါ်ပိုင်းဖောက်ထိုး, တို့သည် သင့်ကလေးအား တည်နေရာအကြောင်း လေ့လာသင်ယူရန် အထောက်အကူပြုသည်။
- နံပါတ် သီချင်းများနှင့် ကာရံတူသံစုံတေးများသည် သင့်ကလေးအား ရေတွက်ခြင်းအကြောင်း လေ့လာသင်ယူရန် အထောက်အကူပြုသည်။ သီချင်းများကို အတူတကွ သီဆိုရင်း အချိန်ကိုဖြုန်းပါ၊ ဤကဲ့သို့- *One, two, three, four, five, once I caught a fish alive* နှင့် *One, two, buckle my shoe* *တို့ဖြစ်သည်*. သင် အတူတကွ ဖတ်ရှုပြီး ပြောဆိုကြသည့် နံပါတ် စာအုပ်များသည်လည်း သင့်ကလေးအတွက် စောစောပိုင်း အကြံဉာဏ်များကို လေ့လာသင်ယူရန် အလွန်ကောင်းသော နည်းလမ်းများ ဖြစ်ပါသည်။



ကျောင်း၌ ကျောင်းအပ်သည့်အခါ အကယ်၍ သင့်ကလေးတွင် ဓာတ်မတည့်မှု တစ်ခုခု ရှိမရှိ သို့မဟုတ် ရောဂါတစ်ခုခု ရှိမရှိ သင် ပြောပြထားရန် သေချာအောင်လုပ်ပါ။ အကယ်၍ သင့်ကလေးတွင် သီးခြားလိုအပ်ချက်များ ရှိလျှင် ၎င်းအတွက် မည်သည့်အစီအစဉ်များ ချထားကြောင်း သိရှိရန် ကျောင်းနှင့်စစ်ဆေးပါ။ ၎င်းသည် အကယ်၍ သင့်ကလေးသည် အထူးကုဆရာဝန်တစ်ဦးအား ပြသနေကြောင်း ဆရာဆရာမ အတွက် သိရှိရန်ကိုလည်း အထောက်အကူပြုသည်။


© Department of Education, Western Australia, 2015



# သင်နှင့် သင့်ကလေးအတွက် ပိုမိုသော အကြံဉာဏ်များ

## သင့်ကလေးနှင့် ပြောဆိုပါ

ကျောင်းတွင် သင့်ကလေးသည် ဆက်သွယ်ပြောဆိုခြင်း၏ အရေးကြီးပုံကို သင်ယူလေ့လာပါသည်။ သင်သည် သင့်ကလေးနှင့် ကျောင်းတွင် သူတို့လုပ်သည့် အရာများ အကြောင်းကို ပြောဆိုခြင်းဖြင့် ကူညီပေးနိုင်သည်။ သူတို့အား နေ့အချိန်အတောအတွင်း ဖြစ်ပွားခဲ့သည့် အရာများကို ရှင်းပြခိုင်းပါ သို့မဟုတ် ပုံဖော်ပြခိုင်းပါ။ အကယ်၍ တစ်ခုကိုမျှ သူတို့ မစဉ်းစားနိုင်လျှင် အချက်အလက်ပိုမို ရရှိရန် မေးခွန်းများ မေးပါ။ 'ပွင့်လင်းသည့်' မေးခွန်းများကို မေးပါ ထိုအခါ သင့်ကလေးသည် 'ဟုတ်တယ်' သို့မဟုတ် 'မဟုတ်ဘူး' ထက်ပိုမို၍ ဖြေကြားမည်ဖြစ်သည်။ ဥပမာ- *မူကြိုကျောင်းတွင် ယနေ့ သင်လုပ်ခဲ့သည့် သင့် အကြိုက်ဆုံး အရာမှာ ဘာလဲ။* အဲဒါထက် စာရင် *မူကြိုကျောင်းတွင် ယနေ့ သင် ပျော်ရွှင်စရာ ရှိခဲ့သလား။* သင့် တစ်နေ့တာ အကြောင်းကိုလည်း ပြောပြရန် သေချာစေပါ။

## ဆရာဆရာမနှင့် ပြောဆိုပါ

သင့်ကလေး၏ ဆရာဆရာမနှင့် ပုံမှန် ဆက်သွယ်ပါ။ သင့် ကျောင်းတွင် ဤသို့လုပ်ရန် သင့်အတွက် နည်းလမ်းများ မျိုးစုံ ရှိပါသည်။ အကယ်၍ သင့်ကလေး၏ ဆရာဆရာမနှင့် အနှောင့်အယှက်ပေးခြင်းမရှိစေပဲ စကားပြောဆိုလိုလျှင် ရက်ချိန်းတစ်ခုလုပ်ရန် အကောင်းဆုံးဖြစ်သည်။

## အတန်းကို ပံ့ပိုးပေးပါ။

သင့်ကလေး၏ ဆရာဆရာမသည် ကလေးများ စာဖတ်နေသည်ကို နားထောင်ပေးခြင်း၊ ကလေးများ၏ စာရေးသားခြင်းနှင့် အနုပညာအလုပ် တို့ကိုကူညီပေးခြင်း၊ အားကစား လှုပ်ရှားမှုများ၊ လေ့လာရေးခရီးများနှင့် အထူးပွဲလမ်းဖြစ်ရပ်များတို့ကိုလည်း ကူညီပေးခြင်း တို့ကိုထောက်ကူပေးရန် တောင်းဆိုကောင်း တောင်းဆိုနိုင်သည်။ သင်သည် ကျောင်း မိဘများနှင့်နိုင်ငံသား အသင်း [school's parents and citizens' (P&C) association] တွင်လည်း ပါဝင်ပတ်သက်ချင်ကောင်း ပတ်သက်ချင်မည် သို့မဟုတ် ကျောင်းမုန့်ဆိုင်တွင် စေတနာ့ဝန်ထမ်း လုပ်ချင်ကောင်း လုပ်ချင်နိုင်မည်။

ဆရာဆရာမများသည် များသောအားဖြင့် အနုပညာ၊ လက်မှုပညာ၊ သင်္ချာနှင့် သိပ္ပံဘာသာ အတွက် အရာပစ္စည်းများကို လိုအပ်ပါသည်၊ ကြယ်သီးများ၊ အကြမ်းသုံးစွန့်ပစ္စည်းများ၊ ခရုခွံများ၊ ပလပ်စတစ်ဘူးများနှင့် ပုလင်းများ ကဲ့သို့အရာများဖြစ်သည် – ပစ္စည်းစာရင်းမှာ မဆုံးနိုင်ပါ။ သူတို့ မည်သည့် အရာပစ္စည်းများ လိုအပ်ကြောင်း ဆရာဆရာမနှင့်ပြောဆိုပါ။

## အတူတကွ ဖတ်ရှုပါ

ကလေးများသည် သူတို့အား စာဖတ်ပေးသည်ကို ကြိုက်နှစ်သက်သည်။ အတူတကွ စာဖတ်ပေးရန် သင် ဖြုန်းလိုက်သည့်အချိန်သည် သင့်ကလေး အနေဖြင့် စာအုပ်များနှင့် စကားလုံးများကို ခင်တွယ်မှု ဖွံ့ဖြိုးရန် အထောက်အကူ ပေးပါသည်။ သင် ပို၍စောစော စလေ ပို၍ကောင်းလေ ဖြစ်ပါသည် – အကယ်၍ သင့်ကလေးသည် ဘာသာစကားနှင့်၎င်းတို့ကို သုံးသည့် များစွာသော နည်းလမ်းများနှင့် ယဉ်ပါးနေလျှင် ကျောင်းအတွက် ပိုမို၍ အဆင့်သင့်ပြင်ဆင်ပြီးဖြစ်ပါသည်။

သင့် ဒေသရှိစာကြည့်တိုက်သည် စာအုပ်များနှင့် ဖတ်စရာအရာများ၏ ရတနာတိုက်တစ်ခု ဖြစ်ပါသည် – သင့်ကလေးအား သူတို့ကို စိတ်ဝင်စားစေမည့် စာအုပ်များကို ရွေးခွင့်ပြုပါ။

© Department of Education, Western Australia, 2015



ISBN 978-0-7307-4563-1

W: education.wa.edu.au

© Department of Education, Western Australia, 2015